# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၁၃)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၁–၈–၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ လယ်ဝေးမြို့နယ်အတွင်းရှိ သစ်ပုတ်ပင်–မင်းပြင်–ဒလန်ချွန်ကျေးရွာအုပ်စုချင်းဆက် မြေသား လမ်းကို ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ ရသေ့တောင်မြို့နယ်၌ ကိုယ်ထူကိုယ်ထ ပြုလုပ်တည်ဆောက်ထားခဲ့သော "မေယုအားမာန်" ကြိုးတံတားကို သံကူကွန်ကရစ်တံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်–အုန်းတပင်– မရကန်– ညောင်လှ–ရေဦး ကားလမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာခင်းပြီးလမ်းအဖြစ် အဆင့်မြှင့်တင် ပေးနိုင်ပါရန် စီမံကိန်းရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၏ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သန်လျင်မြို့နယ် အတွင်း လဟာယတ်ကမ်းပတ်တာ၊ ရွှေလှေ–ဖားကူးကမ်းပတ်တာ၊ သာယာကုန်း– ဒေဇာတ်ကမ်းပတ်တာ စီမံကိန်းများ တည်ဆောက်ရာတွင် နိုင်ငံတော်က အသုံးပြုခဲ့သော လယ်ယာမြေများအတွက် နစ်နာသူ တောင်သူလယ်သမားများကို လယ်ယာမြေ နည်းဥပဒေအရ မြေ၊ သီးနှံနှင့် အဆောက်အအုံနစ်နာကြေးများ ပေးဆောင်ရန် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က "ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧက အထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအားတိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။